လွင်ကြီးကျေးရွာ

လွင်ကြီးကျေးရွာအုပ်စု၊ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

(၂၀၁၇–၂၀၂၁)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လွင်ကြီးကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
လွင်ကြီးကျေးရွာ **အရင်းအမြစ်ပြမြေပုံ**၊ဝန်းသိုမြို့နယ်	၇
လွင်ကြီး ကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်**၊ ဝန်းသိုမြို့နယ်	၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် ၉
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၁၀
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၁၀
(ခ) သဘာဝအရင်းအမြစ်များ ၁၀
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ
(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၁၁
(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၁
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၂
(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၁၃
(င) ကျန်းမာရေးနှင့် အာဟာရ ၁၄
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု ၁၄
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၅
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၅
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၇
(ဃ) ရွှေ့ပြောင်းလုပ်သားများ ၁၈
(င) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက် ၁၉

(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၁၉
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု ၁၉
(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၉
(စျ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊
သတင်းနှင့် ဆက်သွယ်ရေး ၂၁
(ည) လူငယ်နှင့် ယဉ်ကျေးမှု ၂၂
(ဋ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၂၃
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊
အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၂၃
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၃
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၄
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်
ကျသော ချိတ်ဆက်မှုများ ၂၅
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၆
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၇
(ဂ) ဦးစားပေး စီမံချက်များ ၂၇
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၃၀
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၁
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၂
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၃၂
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၃၂
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၃၂
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၃၃
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၃
(က) ကြီးကြပ်စစ်ဆေးခြင်း ၃၃
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၃၅
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၃၆

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၃၇
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၄၂
ရည်ညွှန်းချက်များ ၄၃
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၄၄
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်း ပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
လွင်ကြီးကျေးရွာ
လွင်ကြီးကျေးရွာအုပ်စု
ဝန်းသိုမြို့နယ်

လွင်ကြီးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

ရည်ညွှန်း- လွင်ကြီးကျေးရွာအရင်းအမြစ်ပြမြေပုံ - လွင်ကြီးကျေးရွာ၊ လွင်ကြီးကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲ ခြင်း အစီအစဉ်တွင် ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ ရက်)


ဥယျာဉ်
ဥယျာဉ်ထဲသို့ဝင်
ဥယျာဉ်ထဲမှထွက်
ဥယျာဉ်ထဲသို့ဝင်
ဥယျာဉ်ထဲမှထွက်
ဥယျာဉ

ကျေးရွာ ဇင်ကြီ

ရာသီခွင်ပြ ပြကွဒိန်

လ/ အလုပ်အကိုင်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပိုတွဲ	တပေါင်း
အလုပ်အကိုင်												
ပိုက်ဆံ						✓			✓✓✓✓✓	✓✓✓✓✓		
				✓					✓			
						✓				✓✓✓✓✓		
		✓				✓✓✓✓✓						
	ဝက်	နွား	ဗူး		ကြက်		ဗူး					ကြက်
သီးနှံပိုးမွားရောဂါ ကျရောက်မှု			ငမြှေးတောင်ပိုး									
												ဆေးမှုန်
သဘာဝ ဘေးအန္တရာယ်		လေ									မိုး	မိုး

အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွှတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွနုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွနုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွနုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွနုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ လွင်ကြီးကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၊လွင်ကြီးအုပ်စုတွင် တည်ရှိပါသည်။ ဝန်းသိုမြို့နယ်၏ အရှေ့ဘက်(၅)မိုင်ခန့်အကွာတွင်တွင်တည်ရှိပါသည်။ကျေးရွာ၏အရှေ့ဘက်တွင် ရေသွင်းမြောင်း၊လယ်ကွင်းများ၊သရက်ခင်းကုန်းကလေးတည်ရှိပါသည်။ရွာတွင်တောင်ဘက်တွင် လယ်ကွင်းများရှိပါသည်။ရွာ၏တောင်ဘက်တွင် ရွှေတောင်ကုန်းကျေးရွာတည်ရှိပါသည်။

အနောက်ဘက်တွင်စာကြည့်တိုက်နှင့် လယ်ကွင်းများရှိပါသည်။ရွာ၏မြောက်ဘက်တွင် ဘုန်းကြီးကျောင်း၊စာသင်ကျောင်းနှင့်သောက်သုံးရေတွင်း၊မြင်သာကုန်းကျေးရွာနှင့် ဆက်သွယ်ထားသော လမ်းကလေးရှိပါသည်။လွင်ကြီးကျေးရွာ၏ ရာသီဥတုမှာ သင့်တင့်မျှတသော ရာသီဥတုရှိပါသည်။ လွင်ကြီးကျေးရွာသည် မြေမျက်နှာသွင်ပြင်မှာ မြေပြန့်အနေအထားရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ။ ။ကျွန်တော်တို့လွင်ကြီးရွာတွင် ဓာတ်သတ္ထုနှင့်သဘာဝ အရင်းအမြစ်များမရှိပါ။ကျောက်စရစ်နှင့်သဲများ ရွာတွင်မရှိသော်လည်း ရွာအနီးတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။သဘာဝတအပင်မျိုးစိတ်များ အနည်းငယ်ရရှိနိုင်ပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များလဲ ရရှိနိုင်ပါသည်။ကျေးရွာတွင် ဂျင်းကျောက်အနည်းငယ်ထွက်ရှိပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။။ ကျေးရွာတွင်အိမ်ထောင်စု(၉၀) ရှိပြီး နို့စို့အရွယ်ကလေးများမှာ မိဘများ၏ စောင့်ရှောက်မှုဖြင်းကျန်းမာစွာရှိပါသည်။ အသက်(၅)နှစ်အောက်ကလေးများမျာ ကျန်းမာစွာရှိပြီး မူလတန်းအကြိုပညာရေးအားသ်ကြားရန် အသင့်စောင့်ဆိုင်းလျက်ရှိပါသည်။ အသက်(၅)နှစ်မှ (၉) နှစ်အထိကလေးများမှာ မူလတန်းပညာကို သင်ကြားနေပါသည်။ အသက်(၁၀)နှစ်မှ(၁၄)နှစ် အထိ ကလေးများမှာ အလယ်တန်းပညာကို အနည်းငယ်သာသင်ကြားနိုင်ပြီး အချို့ကလေးများမှာ မိသားစု အတွက်အလုပ်လုပ်ကြပါသည်။ အသက်(၁၅)နှစ်မှ(၆၄)နှစ်အထိအရွယ်များမှာ စားဝတ်နေရေးအ တွက် အလုပ်လုပ်နေကြသည်ကို တွေ့ရပါသည်။အသက်(၆၅)နှစ်အထက်သက်ကြီးရွယ်အိုများမျာ မိသားစု၏စောင့်ရှောက်မှုဖြင့် အဆင်ပြေစွာနေထိုင်လျက်ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။ ။ ကျွန်တော်တို့လွင်ကြီးကျေးရွာ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေး ဖြစ်ပါသည်။မွေးမြူရေးလုပ်ငန်းကိုလည်း တွဲဖက်လုပ်ကိုင်ကြပါသည်။ စပါးကို အဓိက ထားစိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေး လုပ်ကိုင်သူ အိမ်ထောင်စု(၇၉)စု ရှိပါသည်။မွေးမြူရေးလုပ်ကိုင်သူ(၇)ဦးရှိပါသည်။ငါးမွေးမြူရေးလုပ်ငန်း

လုပ်ကိုင်သူ(၂)ဦးရှိပါသည်။ ကျုံရာ၊ကျပန်း လုပ်ကိုင်စား သောက်သူများလည်း ရှိပါသည်။ စိုက်ပျိုးရေး လုပ်ငန်းအတွက် လုပ်အားခသတ်မှတ်ချက်နှုန်းမှာ အများဆုံး ကျား ၈၀၀၀ ၊မ ၆၀၀၀ ၊အနည်းဆုံး ကျား ၄၀၀၀၊မ၄၀၀၀ ဟု သတ်မှတ်ထားပါသည်။ ကျောက်ထုတ်လုပ်ရေး လုပ်ငန်းများအတွက် လုပ်အားခအများဆုံး သတ်မှတ်ချက်မှာ ကျား ၄၀၀၀၊မ ၃၀၀၀ ဟုသတ်မှတ်ကြပါသည်။ ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်းများအတွက် လုပ်အားခအများဆုံး သတ်မှတ်ချက်မှာ ကျား ၅၀၀၀၊မ ၃၀၀၀ ဟုသတ်မှတ် ကြပါသည်။ကျားနှင့်မဝင်ငွေကွာခြားချက်မှာ ခွန်အားကို အသုံးပြုရသော လုပ်ငန်းများ ဖြစ်သည့် အတွက် ကွာခြားရခြင်းဖြစ်ပါသည်။ စိုက်ပျိုးရေး လုပ်ငန်းအတွက် လယ်မြေ(၃၈၃.၇၅)ဧက၊ယာမြေ/တောင်ယာမြေ(၁၂၀.၄)ဧက၊ ကိုင်းကျွန်းမြေ (၂)ဧက ရှိပါသည်။ ဥယျာဉ်၊ခြံမြေများမရှိကြပါ။ အဆင်ပြေသောအိမ်ထောင်စု(၂၇)အိမ်၊ အလယ်အလတ် အိမ်ထောင်စု(၂၇)အိမ်၊မပြေလည်သောအိမ်ထောင်စု(၂၁)အိမ်၊ အလွန်မပြေလည်သော အိမ်ထောင်စု(၁၅)အိမ် ရှိပါသည်။ မြေယာပိုင်ဆိုင်မှု နည်းသော အိမ်ထောင်စုမှာ ပိုများနေသော ကြောင့် ဥစ္စာဓနပိုင်ဆိုင်မှုများမှာ အားနည်း ရခြင်းဖြစ် ပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းအရ ဆင်းရဲ သော အိမ်ထောင်စု(၁၂)ရှိသည့်အနက် ၃လ မှ ၆လအောက် ချေးငှားခြင်း၊ လုပ်အားခကြို ယူခြင်းအိမ်ထောင်စု(၄)စု၊၃လမှ၆လကြားချေးယူခြင်း၊လုပ်အားခကြိုယူခြင်း အိမ်ထောင်စု(၈)စု အစ ရှိသဖြင့်စားဝတ်နေရေးအားဖြေရှင်းနေကြရပါသည်။လယ်ယာစိုက်ပျိုးရေးကိုအဓိကထားကြသဖြင့် လယ်သမားများအနေဖြင့် မိုးရာသီတွင် မိမိတို့၏လယ်မြေများ ရေကြီးနစ်မြုပ်သည့် သဘာဝ အန္တရာယ် နှစ်စဉ်ကြုံတွေ့နေရပါသည်။ရေကြီးနစ်မြုပ်သည့်အတွက် ရသင့်သလောက် ပမာဏမရ ရှိကြပဲ ပျက်စီးဆုံးရှုံးမှု ကြုံနေရပါသည်။ကျေးရွာတွင် ကူးစက်ရောဂါဖြစ်ပွားမှုများ မရှိပါ။ ၄က်ဖျားရောဂါ၊တီဘီရောဂါ အနည်းငယ် ဖြစ်ပွားပါသည်။တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု အနည်းငယ်ကြုံတွေ့ကြရပါသည်။လူငယ်၊အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအနည်းငယ် ရှိပါသည်။မြေယာမဲ့ဆင်းရဲသားဆင်းရဲသားတောင်သူ အနည်းငယ်ရှိပါသည်။လက်လုပ်လက်စား များ၊ကျပန်းများလည်း အနည်းငယ်ရှိပါသည်။

(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျွန်တော်တို့ရွာ၏ ပညာရေးမှာ အသင့်အတင့်ရှိပါသည်။ရွာသူ/ရွာသားများသည် မူလတန်း ကျောင်းထွက်ဦးရေ ပိုများလှပါသည်။စာမတတ်သူဦးရေ(၂)ဦးရှိပါသည်။ မူလတန်းအဆင့် ကျား၊ မပေါင်း(၂၄၂)ဦး၊အလယ်တန်းအဆင့် ကျား၊မပေါင်း(၈၂)ဦး၊ အထက်တန်းအဆင့် ကျား၊ မပေါင်း (၃၁)ဦးရှိပါသည်။ တက္ကသိုလ်အဆင့်ကျား၊ မပေါင်း (၁၉)ဦး စသဖြင့်ပညာ တတ်မြောက်မှု အခြေအနေရှိပါသည်။ယခုအခါတွင် မူလတန်းအဆင့် ကျား၊မ(၃၁)ဦး၊ အလယ်တန်းအဆင့် ကျား၊မ

(၁၉)ဦး၊အထက်တန်းအဆင့် ကျား၊မ(၁၆)ဦး၊ တက္ကသိုလ် အဆင့်ကျား၊မ(၃)ဦး ပညာသင်ကြား လျှက်ရှိပါသည်။ရွာကျောင်းမှာ သတ္တမတန်းအထိသာရှိသဖြင့် အောင်မြင်သွားသော ကျောင်းသား များသည် အထက်တန်းသို့မတက်နိုင်ကြပဲ တစ်ချို့တစ်ဝက်လောက်သာဘွဲ့ရသည်အထိ နေနိုင် ကြပါသည်။အထက်တန်းအဆင့်ကို မြို့ပေါ်တွင် တက်ရောက်ရသောအခါ အဆောင်ခ၊ ကျူရှင်ခ၊ ထမင်းစရိတ် များကြီးမားသောကြောင့် စီးပွားရေးအဆင်ပြေသူများသာ တက်ရောက်နိုင် ကြပါသည်။ထို့ကြောင့် အချို့ကျောင်းသားများသည် ကျောင်းထွက်ခါ မိဘလက်ငုပ်လက်ရင်း အလုပ်များကိုသာ ဝင်ရောက်လုပ်ကိုင်ကြရပါသည်။

(ငါ) ကျန်းမာရေး နှင့် အာဟာရ။ ။ ကျွန်တော်တို့လွင်ကြီး ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ၊သွေးလွန်တုတ်ကွေးရောဂါနှင့်ငှက်ဖျားရောဂါ အနည်းငယ်ခံစားရပါသည်။ အသက်ရှူလမ်း ကြောင်းကူးစက်ရောဂါမရှိပါ။တီဘီ၊ဆီးချို၊သွေးတိုးရောဂါနှင့်အသည်းရောဂါ(ဘီ၊စီ)များ အနည်း ငယ်ဖြစ်ပွားပါသည်။HIV,AIDSရောဂါအစရှိသဖြင့် ရောဂါ ဖြစ်ပွားမှု မရှိပါ။ပတ်ဝန်းကျင်မှ ကူးစက်ရောဂါများမရှိသည့်အတွက် ကျန်းမာရေးအတွက် ဆိုးဆိုး ရွားရွားမရှိလှပါ။ ကာကွယ်ဆေး များကိုလည်း ကြိုင်းခွက်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲမှ လစဉ်ကာကွယ်ဆေးများကို ထိုးပေးပါသည်။ဆေးခန်းတွင် အနီဝတ်ဆရာမတစ်ယောက်၊ဆေးမှူးတစ်ယောက်၊ ကျမ်းမာရေး ကြီးကြပ်(၂)ဆရာမတစ်ယောက် စုစုပေါင်းသုံးယောက်ရှိပါသည်။အုပ်စုတွင်းတါင် တိုက်နယ်ဆေးရုံ မရှိပါ။မြို့နယ်ဆေးရုံသို့ သွားရောက်ဆေးကုသမှု ခံယူကြရပါသည်။ကောလင်းမြို့ဆေးရုံသို့လည်း သွားကြရပါသည်။ကျေးရွာတွင် ဆေးဆိုင်မရှိပါ။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ ကျွန်တော်တို့ရွာတွင် အမျိုးသမီးများသည် မိမိတို့ စားဝတ်နေရေးကိုသာ အာရုံစိုက်နေရသဖြင့် လူမှုအဖွဲ့အစည်းနှင့် ကျေးရွာအုပ်ချုပ်မှု စနစ်များ တွင်ပါဝင်ဦးဆောင်နိုင်ခြင်းမရှိပါ။ရွာတွင်ပြင်ပအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုနှင့် အသိပညာ ပေးမှုမရှိပါ။အမျိုးသမီးများအကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာ အသိအမြင် များမသိသလောက် နည်းပါးကြပါသည်။ရွာ၏သာရေးနာရေးများတွင် အမျိုးသမီးများက အချက် အပြုတ်တာဝန်ယူရပြီး အမျိုးသမီးငယ်များက အကျွေးအမွေး တာဝန်ယူရပါသည်။ ရွာတွင်အကြမ်းဖက်မှုများမရှိပါ။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ။ ကျေးရွာတွင် လျှပ်စစ်မီးကော်မတီ၊ လူမှုရေးအသင်း၊ဗောဓိမေတ္တာပရဟိတအဖွဲ့၊ဗောဓိသာဂီတတ်ရွတ်စဉ်အဖွဲ့၊သမဝါယမအဖွဲ့ စသဖြင့် လူထုအခြေ ပြုအဖွဲ့အစည်းများရှိပါသည်။ ကျွန်တော်တို့ရွာ၌ စနေ၊ တနင်္ဂနွေနေ့ များတွင် ဓမ္မစကူးလ် ကလေးသူငယ် ယဉ်ကျေးမှုသင်တန်းကို ဆရာ၊ ဆရာမ(၃)ဦးနှင့် သင်ကြားပေးနေသည်။ သာရေး၊ နာရေး၊လူမှုရေးကိစ္စအဝဝများတွင် လူငယ် အမျိုးသား၊ အမျိုးသမီးများမှ ဦးဆောင်၍ တာဝန် ထမ်းဆောင်ပေးကြသည်။ ဘာသာရေးကိစ္စ များတွင် ဂေါပက (၇)ဦးက ဦးဆောင်၍ တက်ညီ လက်ညီနှင့် တစ်ရွာလုံး ဆောင်ရွက်ကြပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ကျွန်တော်တို့ရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ အသင့် အတင့်ပိုင်ဆိုင်သောရွာဖြစ်ပါသည်။ကျေးရွာတွင် အိမ်ထောင်စု(၉၀)အိမ်ရှိပြီး (၅)ကအောက် ပိုင်ဆိုင်သူဦးရေ(၁၁)အိမ်၊(၂.၅)ကမှ(၅)ကအထိပိုင်ဆိုင်သူဦးရေ(၁၅)ဦး၊ (၅)ကအထက် ပိုင်ဆိုင် သူဦးရေ(၄၄)ဦး၊(၁၂.၅)ကအထက် ပိုင်ဆိုင်သူဦးရေ(၉)အိမ်ရှိပြီး၊မြေယာမဲ့သူ(၁၁)ဦး စုစုပေါင်း (၉၀)အိမ်ရှိပါသည်။ ရွာ၏မြေပိုင်ရှင်များသည် ကိုယ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ကြပြီး မြေယာမဲ့များသည် မြေပိုင်ရှင်များထံတွင် ငှားရမ်းလုပ်ကိုင်၍ အသက်မွေးကြသည်။ ရွာတွင်ရေသွင်း မြောင်းရှိပါသည်။ကျွန်တော်တို့ရွာသည် စော်ဘွားမြောင်းမှရေအားထိုရေသွေင်းမြောင်းသို့ သွယ်ယူပြီး ရွာရှိလယ်ယာမြေများနှင့် ရွာနီးခြုံစပ်ရှိကျေးရွာများမှ လယ်ယာမြေကောများအားလုံးစုစုပေါင်း (၃၈၃.၇၅)ကစိုက်ပျိုးအသုံးပြုကြသည်။မိုးရာသီတွင် ရေလုံလောက်စွာရရှိပြီး နွေရာသီတွင် စိုက်ပျိုး မြေဟက်များ၏ ၂၀% လောက်သာ စိုက်ပျိုးကြရပါသည်။ လယ်ရေသွင်းသောရေသွင်းမြောင်းမှာ ကောနေသဖြင့် ရေများလုံလောက်စွာမရရှိခြင်းဖြစ်ပါသည်။နမော်ဆည်ပြီး၍ ကောင်းမွန်လာပါက ရေလုံလောက်စွာ ရရှိနိုင်ပါသည်။

ကျွန်တော်တို့ရွာတွင် အဓိကစပါးကိုသာစိုက်ပျိုးကြပြီး ပျမ်းမျှ(၈၀)တင်းမှ (၉၀)တင်းထိ ထွက်ရှိ ပါသည်။လုပ်သားရှားပါးမှုရှိခြင်း၊စက်ကိရိယာရှားပါးမှုရှိခြင်းတို့ကြောင့် စိုက်ပျိုးစရိတ်မှာ နှစ်စဉ် ကြီးမားလှပါသည်။ထို့ပြင်ထုတ်ကုန်၏တန်ဖိုးမှာလည်း ရာသီဥတုအခြေအနေ၊လမ်းပမ်း ဆက်သွယ် ရေးအမျိုးမျိုးတို့ကြောင့် အမြတ်ရရှိနိုင်မှုအခြေအနေမှာကွဲပြားခြားနားလျှက်ရှိပါသည်။ အခြား သီးနှံများကို နွေရာသီတွင်သာ စိုက်ပျိုးနိုင်ပါသည်။ ပြောင်းဖူး၊ခရမ်းသီး၊ ကြက်သွန်နီ၊ ခရမ်းချဉ်၊နှမ်းသီးနှံများကို စိုက်ပျိုးကြပါသည်။

ကျွန်တော်တို့ကျေးရွာတွင် လက်တွန်းထွန်စက်ပိုင်ဆိုင်သူမှာ (၁၉)ဦးရှိပြီး ငှားရမ်းလုပ်ကိုင် သူမှာ(၃၃)ဦးရှိပါသည်။ ထွန်စက်ဖြင့်ငှားရမ်းလုပ်ကိုင်သူ (၁၀)ဦးရှိပါသည်။ ရိတ်သိမ်းခြေလှေစက် ငှားရမ်းသုံးစွဲသူ (၄၂)ဦးရှိပါသည်။ခြေလှေစက်ပိုင်ဆိုင်သူဦးရေ(၄)ဦးရှိပြီး ငှားရမ်းလုပ်ကိုင်သူ (၆၈)ဦးရှိပါသည်။ရေစုပ်စက်ပိုင်ဆိုင်သူ (၃၇)ဦးရှိပါသည်။မြက်ရိတ်စက်ပိုင်ဆိုင်သူ (၇)ဦးရှိပါသည်။

ကျွန်တော်တို့ရွာ၏ မွေးမြူရေးလုပ်ငန်းသည် တစ်နိုင်တစ်ပိုင် မွေးမြူရေးဖြစ်ပါသည်။ အဓိကမွေးသည့် တိရိစ္ဆာန်များမှာ ဝက်၊ ကြက်တို့ ဖြစ်ပါသည်။ ကျွဲနွားများကို စိုက်ပျိုးရေးအတွက် အဓိကထားမွေးမြူကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ ကျွန်တော်တို့ လွင်ကြီးကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ မရှိပါ။ယခင်က နွားစာမြက်အရင်းများကိုရိတ်ပြီး မြက်ဖျာယက်လုပ်ရောင်းကြသော်လည်း ယခုအခါတွင်မရှိတော့ပါ။အသက်မွေးဝမ်းကြောင်းနည်းပညာဆိုင်ရာအသိပညာအားနည်းခြင်း၊ ဈေးကွက်ဆိုင်ရာအသိပညာမရှိခြင်း၊ကျေးရွာချင်းဆက်မကောင်းခြင်း၊အတတ်ပညာမရှိခြင်းတို့ကြောင့် ,,အခြားအသက်မွေးဝမ်းကြောင့်စီးပွားရေးလုပ်ငန်းမရှိခြင်းဖြစ်ပါသည်။

(ဃ) ရွှေ့ပြောင်းလုပ်သားများ။ ။ကျွန်တော်တို့လွင်ကြီးကျေးရွာတွင် အခြားဒေသများသို့ သွားရောက်အလုပ်လုပ်သည့် အိမ်ထောင်စု(၁၃)စုရှိပါသည်။ပြောင်းရွှေ့လုပ်သားကျား ၁၈ဦး၊ မ(၁၄)ဦး စုစုပေါင်း(၂၄)ဦးရှိပါသည်။ဖားကန့်တွင်ကျောက်ရှာခြင်း၊မန္တလေး၊ရန်ကုန်တွင် ဝင်ငွေရသောလုပ်ငန်းများလုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရှာကြပါသည်။

(င) ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်။ ။ ကျွန်တော်တို့လွင်ကြီးရွာနှင့်(၃)မိုင်ခန့်ဝေးသော ကောလင်းမြို့မှဈေးသို့ သွားရောက်ရောင်းဝယ်ကြရပါသည်။ သယ်ယူပို့ဆောင်ရေးနည်းမှာကား၊ ထော်လာကျီ၊ဆိုင်ကယ်၊ စက်ဘီး၊ သုံးဘီးဆိုင်ကယ်ဖြင့်ပစ္စည်းများကိုသယ်ယူရနိုင်ပါသည်။ဈေးတွင် မီးဖိုချောင်သုံးပစ္စည်းများ၊ကုန်စိမ်း၊ကုန်ခြောက်၊အဝတ်အထည်မှစ၍ လျှပ်စစ်ပစ္စည်းများနှင့် ပစ္စည်းမျိုးစုံဝယ်ယူရရှိနိုင်ပါသည်။ ဈေးအခြေခံ အဆောက်အဦးမှာကောင်းပါသည်။ ကျွန်တော်တို့ရွာမှ ထွက်ရှိသော စားသုံးသီးနှံများနှင့်ပန်းများကို သွားရောက်၍ရောင်းချကြပါသည်။ ကျွန်တော်တို့ ကျေးရွာသည် ဝန်းသိုမြို့နှင့်ကောလင်းမြို့ကြားတည်ရှိသဖြင့် ထွက်ကုန်များကိုလည်း ဝန်းသိုမြို့မဈေး သို့လည်း သွားရောက်ရောင်းချ ကြပါသည်။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ ကျွန်တော်တို့ရွာရှိ တောင်သူလယ်သမား များကို မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိပါသည်။ ၃လမှဖြလအတွင်းကာလကို ချေးငွေဖြစ် ပါသည်။အတိုးနှုန်းမှာ(၂%)ဖြစ်ပါသည်။ လယ်ဂရန်များကို အပေါင်ခံ ပစ္စည်းအဖြစ် ယူဆောင်သွား ရသည်။သမဝါယမချေးငွေလည်း ရရှိပါသည်။အပေါင်ခံပစ္စည်းယူဆောင်သွားရန် မလိုအပ်ပါ။ ငွေတိုးချေးပေးသူများလည်းရှိပါသည်။အတိုးနှုန်းမှာ ၅ကျပ်တိုးဖြစ်ပါသည်။လစဉ်ဆပ်ရပါသည်။ မိတ်ဆွေ၊အပေါင်းအသင်းများထံမှလည်း ချေးငွေရရှိပါသည်။အတိုးမဲ့ဖြစ်ပါသည်။ စပါး များကို

ဈေးနှုန်းအခက်အခဲကြောင့် နောက်ကျမှ ရောင်းရခြင်း၊ သီးနှံဈေးနှုန်းမှန်ကန်စွာ မရခြင်း တို့ကြောင့် ပြန်လည်ပေးဆပ်ချိန်များတွင် အခက်အခဲအနည်းငယ်ရှိပါသည်။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ ကျွန်တော်တို့ရွာသည် မြေဆီသြဇာအခြေအနေ အခက်အခဲရှိပါသည်။ထို့အပြင် မြေသြဇာအသုံးပြမှု များပြားလာသည် နှင့်အမျှ မြေဆီသြဇာ ခမ်းခြောက်လာခြင်း များကြုံတွေ့ကြရပါသည်။ သဘာဝမြေဆွေးများ၊ နွားချေးများကို အလုံအလောက်မရနိုင်၊မသုံးစွဲနိုင်ကြသောကြောင့်ဖြစ်ပါသည်။

ကျွန်တော်တို့ရွာတွင် ရေတွင်း၄၇ တွင်းရှိပါသည်။အိမ်တိုင်းနီးပါးတွင် ရေတွင်းများ ရှိကြသော်လည်း ရေဆီပြန်ခြင်း၊ရေဝါခြင်း၊ရေအရသာပေါ့ခြင်းတို့ကြောင့် သုံးရေအဖြစ်သာ အသုံး ပြု၍ရကြပါသည်။သောက်ရေကို ရွာအဝင်မြောက်ဘကါထိပ်ရှိ ရေတွင်း၁တွင်းကိုသာ အသုံးပြု ကြပါသည်။နွေရာသီတွင်ရေအနည်းငယ်လျော့သော်လည်း ရေအနက်ပေ ၆ပေခန့်ကျန်သဖြင့် သောက်ရေလုံလောက်မှုရှိပါသည်။ငသောက်သုံးရေစစ်ဆေးထားခြင်းမရှိပါ။ သောက်သုံးရန် ကောင်းပါသည်။ နွေ၊မိုး၊ဆောင်းရာသီသုံးပါးလုံးသုံးစွဲနိုင်ပါသည်။

ကျွန်တော်တို့ရွာတွင် ယင်လုံအိမ်သာ ၈၅လုံးရှိပါသည်။တွင်း/ဇလားအိမ်သာ ၅ လုံးရှိပါသည်။ ကျေးရွာတွင် အိမ်သာမရှိသောအိမ်ထောင်စု မရှိပါ။ရွာရှိအမျိုးသမီးများသည် ပြင်ပဗဟုသုတ နည်းပါးလှပါသည်။ နေ့စဉ်အိမ်အလုပ်နှင့်သာ အချိန်ကုန်နေရပြီး အသိပညာအမြော်အမြင်မရှိခြင်း မြို့ရွာများသို့ သွားလာရာတွင် လမ်းခရီးဝေးကွာခြင်း၊လမ်းမကောင်းခြင်း ၊လမ်းသွားလမ်းလာ စိတ်မချရခြင်းတို့ကြောင့် သွားလာလေ့မရှိပါ။ကောက်စိုက်ချိန်ကောက်စိုက်၊စပါးရိတ်စသော လယ်ယာလုပ်ငန်းများကို လုပ်ကိုင်နေကြရပြီး အိမ်တွင်ထမင်းချက်၊အဝတ်လျှော်၊ ကလေးထိန်း တို့ဖြင့်သာ အချိန်ကုန်ကြသည်များပါသည်။

(ဈ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး) ။ ။ ကျွန်တော်တို့ရွာ၏ လမ်းများနှင့် ကျေးရွာချင်းဆက် သွားလာသောလမ်းများသည် မြေသားလမ်းများဖြစ်၍ မိုးရာသီ၌ ရွာထဲလမ်းများနှင့် အဓိက လမ်းမကြီးသည် လူများ၊ ဆိုင်ကယ်များသွားလာရာတွင် အလွန်ခက်ခဲလျှက်ရှိပါသည်။ ရွာ၏ ချဉ်းကပ်လမ်းများနှင့် အဓိကလမ်းမကြီးများရှိ တံတားများ၊ရေကျော်များသည် မိုးများလျှင် ရေအလွန် များသောကြောင့် အရေးပေါ်သွားလာသူများ အလွန်အမင်း ဒုက္ခရောက်လျှက် ရှိပါသည်။ ပွင့်လင်း ရာသီရောက်လျှင်လည်း မိုးများထားသောကြောင့် ရေတိုက်စားခြင်း ၊ချိုင့်ခွက်များ ရှိကာ တစ်ရွာမှ တစ်ရွာကို သွားလာရာတွင် ကြန့်ကြာမှုရှိပါသည်။

ကျွန်တော်တို့ရွာ၏ သယ်ယူပို့ဆောင်ရေးစနစ်မှာ လှေ(၈)စီး၊စက်ဘီး(၇၂)စီး၊ဆိုင်ကယ်(၁၃၀)စီး၊ ကား(၁)စီး၊ သုံးဘီးဆိုင်ကယ်(၄)စီး။ နွားလှည်း(၆၂)စီး ရှိပါသည်။လောင်းလှေများကို ငါးကန်တွင်

ငါးဖမ်းသည့်နေရာတွင် အသုံးပြုကြပါသည်။မျိုးရာသီတွင် စော်ဘွားမြောင်းမှ ရေလျှံခြင်း ဖြစ်လျှင် ငါးဖမ်းခြင်း၊နွားစာများကို လောင်းလှေဖြင့်သယ်ယူခြင်းတွင် အသုံးပြုကြပါသည်။

ကျွန်တော်တို့ရွာ၏ လျှပ်စစ်မီးရရှိမှုအခြေအနေမှာ အိမ်ခြေ(၅၄)အိမ်မှာ မဟာဓာတ်အားလိုင်း ရရှိပြီး၊အိမ်ခြေ(၂၇)အိမ်မှာ ဆိုလာစနစ်ဖြင့်အသုံးပြုကြပါသည်။ ဒီဇယ်အင်ဂျင်အသုံးပြုသူမှာ (၂)အိမ် ရှိပြီး၊လျှပ်စစ်မီးအသုံးမပြုနိုင်သောအိမ်ခြေ(၇)အိမ်ရှိပါသည်။

ကျွန်တော်တို့ရွာ၏ ဆက်သွယ်ရေးတွင် ဖုန်း(၁၆၇)လုံး၊ရေဒီယို(၅၅)လုံး၊ တီဗွီ(၅၄)လုံးနှင့် PSI စလောင်း(၅၀)လုံး ပိုင်ဆိုင်ကြပါသည်။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ။ ကျွန်တော်တို့လွင်ကြီးရွာတွင် လူငယ်မောင်မယ်များအပန်းဖြေနားနေရန် ပျော်ပွဲရွှင်ပွဲများမရှိပါ။လူငယ်မောင်မယ်များသည် လူမှုရေးလုပ်ငန်းများတွင် အသင့်အတင့်ပါဝင်ကြပါသည်။ဘာသာရေးလုပ်ငန်းများတွင်လည်း ပါဝင်မှုရှိကြပါသည်။ အားကစားနှင့်ကာယလုပ်ငန်းများလုပ်ဆောင်ရန် နေရာအထောက်အကူပြုပစ္စည်းများမရှိပါ။ရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသင့်အတင့် ပါဝင်ကြပါသည်။ ရိုးရာဓလေ့ထုံးစံများ၊ယဉ်ကျေးမှုအမွေအနှစ်များရိုးရာယဉ်ကျေးမှုအမွေအနှစ်များကိုထိန်းသိမ်းစောင့်ရှောက်မှု အသင့်အတင့်ရှိပါသည်။လူငယ်ရိပ်သာ၊စာကြည့်တိုက်များမရှိပါ။ ရိုးရာပွဲတော်၊ ဘာသာရေးပွဲတော်များကို အလေးထား ဆောင်ရွက်ကြပါသည်။ လူမှုရေးလုပ်ငန်းများတွင် လူငယ်အဖွဲ့စည်းများ တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြပါသည်။ လူငယ်များသည် သမရိုးကျ လယ်ယာများကို မိဘနှင့်အတူ စိုက်ပျိုးကြပြီး စားဝတ်နေရေးအတွက် စီးပွားရှာကြပါသည်။ရွာတွင် လက်မှုပညာတတ်မြောက်သူနှင့် အသက်မွေးဝမ်းကျောင်း ပြုသူရှားပါးမှုကြောင့် လူငယ်များ ပျက်စီးဆုံးရှုံး နေရပါသည်။ ရွာ၏ လူငယ်များကို ပြင်ပအဖွဲ့စည်းများနှင့် အစိုးရအဖွဲ့အစည်းများမှ အသိပညာ၊ အတတ်ပညာ သင်တန်း ပို့ချမှုနှင့် အခြားဝန်ဆောင်မှုများရရှိလျှင် အလွန်ပင်အဖိုးတန်သော လူငယ်များအမြောက်အများ ထွက်ရှိလာမည် ဖြစ်သည်။

(ဋ္ဌ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။။။ ကျွန်တော်တို့ရွာ၏ လုံခြုံရေး အခြေအနေ မှာ အသင့်အတင့်သာရှိသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်း ဆိုင်ရာ အထောက်အကူပြု အဆောက်အဦးများ မရှိပါ။ ကျွန်တော်တို့ရွာတွင် အဖြစ်များဆုံးအမှုမှာ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများသာ ဖြစ်သည်။လူကုန်ကူးမှုနှင့် အကြမ်းဖက် လုယက်မှုများ မရှိပါ။ထို့ကြောင့် မူးယစ်ဆေးဝါးသည် ကျွန်တော်တို့ရွာ၏ အဓိကရန်သူဖြစ်၍ အထက်အရာရှိ များက တင်းတင်းကြပ်ကြပ် လုပ်ဆောင်သင့် ပါသည်။မူးယစ်ဆေးဝါးပေါများသဖြင့် ညအခါ သွား

လာရာတွင် အန္တရာယ်အလွန်ပင်များပါသည်။မူးယစ်ဆေးဝါးရောင်းချသူများနှင့် သုံးစွဲသူများကို အဘယ်ကြောင့် ဖမ်းဆီးမရသည်ကို စဉ်းစားမရပါ။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့် ရှိပါသည်။လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။စိုက်ပျိုးရေးအတွက် လယ်ယာမြေများရှိပြီး မြေဩဇာ အသင့်အတင့်ကောင်းမွန်ပါသည်။ရေအရင်းအမြစ်ရရှိနိုင်သော ချောင်းများ ရှိပါသည်။စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ကုန်ကြမ်းများရရှိနိုင်ပါသည်။ သဘာဝတိရိစ္ဆာန်မျိုးစိတ်များပေါများပါသည်။ကျောက်၊သဲ၊ကျောက်စရစ်များမှာ ရွာတွင် ချောင်းများရှိသဖြင့် အလွယ်တကူရရှိနိုင်ပြီး ကားများ၊နွားလှည်းများဖြင့် သယ်ယူ၍ လိုအပ်သောနေရာများတွင် အသုံးပြုနိုင်ပါသည်။သတ္ထုနှင့်အခြားတွင်းထွက်များသည် သင့်တင့်သ လောက်သုံးစွဲနိုင်ပြီး ဈေးကြီးသောကြောင့် သုံးစွဲရန်ခက်ခဲလှပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာတွင် တောင်ကျချောင်းရေများရှိပြီး ရေကိုသိုလှောင်ထားနိုင်ခြင်းကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် တစ်နှစ်ပတ်လုံးရေလုံလောက်စွာ ရရှိသောကြောင့် အဆင်ပြေပါသည်။စပါးစိုက်ပျိုး၍ရသော်လည်း ဈေးမကောင်းသဖြင့် ဝင်ငွေထင်သလောက် မရရှိနိုင်ပါ ။ အနည်းငယ်ရှိပါသည်။နည်းပညာ၊ ဗဟုသုတတတ်မြောက်မှု အားနည်းကြပါသည်။ နွားများ၊ ကျွဲများအား စိုက်ပျိုးရေးအတွက် အဓိကထား မွေးမြူကြပြီး ဝက်မွေးမြူရေးအား စီးပွားဖြစ် တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ကြက်မွေးမြူသူအသင့်အတင့် ရှိပါသည်။နွားများကို လယ်လုပ်ရန်မွေးမြူကြပြီး ထွန်စက်များဖြင့်လည်း အသုံးပြုကြပါသည်။မျိုးကောင်းတိရစ္ဆာန်များအား လွယ်ကူစွာ ဝယ်ယူရရှိနိုင်ကြပါသည်။လုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရန် ချေးငွေအသင့်အတင့်ရရှိပါသည်။ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းရှိသော်လည်း နည်းပညာ၊ ဗဟုသုတ၊ ချေးငွေ၊ ဈေးကွက်များလက်လှမ်းမမီကြပါ။ လမ်းပန်း ဆက်သွယ်ရေးခက်ခဲခြင်းကြောင့် ထွက်ကုန်များအချိန်မှီ ဈေးကွက်သို့ မတင်ပို့နိုင်ကြ ခြင်းသည်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ ဖြစ်နေပါသည်။ ထို့ပြင် မူးယစ်ဆေးဝါးသုံးစွဲသူများပြားလာခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံခြင်း၊ ကူးစက်ရောဂါရရှိသူများ ပြားလာပြီး ဦးဆောင်နိုင်သော အမျိုးသားများ နည်းပါးလာခြင်းကြောင့် မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား ကျပန်းများနှင့် ဆင်းရဲသား

အိမ်ထောင်စုများ၊ လှည့်လည်သွားလာ၍ ဈေးရောင်းရသူများ ပေါများလာခြင်းသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိကအဟန့်အတားများ ဖြစ်နေပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသည် ကျေးရွာဖြစ်သည့် အားလျှော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ်ခဲ့ပါသည်။

က၊၁) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရိစ္ဆာန်များ တိုးတက်မွေးမြူ ခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ခြင်း အားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါများလာပြီး မိသားစု ဝင်ငွေတိုးလာစေရမည်။

က၊၂) အခြေခံ ပညာရေး၊ ကျန်းမာရေး၊ ရေ နှင့် သန့်ရှင်းရေး၊ လမ်းပန်းဆက်သွယ်ရေး နှင့် ကျေးရွာမီးလင်းရေးစသည့် လူမှုအခြေခံအဆောက်အဦများ လက်လှမ်းမီမှု တိုးတက်လာပြီး ကျေးရွာလူထု၏ လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) ကျေးရွာ၏စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာရရှိရန် ချိတ်ဆက်ဆောင်ရွက်ရမည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများ၊ မြေဆီလွှာနှင့်မြေဩဇာအသုံးပြုနည်းများစသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက်ရှိသော သီးနှံထုတ်ကုန်ဈေးနှုန်းများရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့်

ချိတ်ဆက်လုပ်ဆောင်သွားရမည်။ မြို့နယ်တိုင်းရင်းသားလူမျိုးရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေးကုသဆေးများလက်လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်ခြင်းများ ပြုလုပ်သွားရမည်။

(၂) ကျေးရွာ၏ ပညာရေးတက်မြောက်မှုတိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ သင်ကြားရေးအထောက်အကူပြုများ ဖြည့်ဆည်းခြင်း၊ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း၊ ဆရာဆရာမများ ပြည့်စုံအောင် ဆောင်ရွက်ခြင်း၊ ပြုလုပ်သွားမည်။ တစ်ကိုယ်ရေကျန်းမာရေးစောင့်ရှောက်မှုအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများ ချိတ်ဆက်ခြင်း၊ တစ်နှစ်ပတ်လုံး ရေရရှိအောင် စိမ့်စမ်းရေသွယ်ယူခြင်း၊ ရေလှောင်ကန်များ တည်ဆောက်ခြင်းတို့ကို လုပ်ဆောင်ကြရပါမည်။ ထို့အပြင် လူငယ်များစာပေဗဟုသုတလက်လှမ်းမီရန် စာဖတ်အလေ့အကျင့်ဖြစ်လာစေရန် စာကြည့်တိုက် အသင်းများဖွဲ့စည်းခြင်း၊ စာအုပ်စာပေများ လက်လှမ်းမှီရန် ပြန်/ဆက်ဌာနများနှင့်ချိတ်ဆက် ခြင်း၊ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများဖန်တီး ပေးခြင်း၊ လူငယ်စွမ်းရည် မြှင့်တင်ရေး လုပ်ငန်းများမိတ်ဆက်ပေးခြင်း၊ စာဖတ်ရန်အလေ့အထ ထွန်းကားရန် အသိနှိုးဆော်ခြင်း၊ လူငယ်များအား အားကစားလှုပ်ရှားမှုများလက်လှမ်းမီရန် ဖန်တီးပေးရန် တို့ဖြစ်ပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် ကူးသန်းသွားလာရေးအတွက် ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ တံတားများတည်ဆောက်ခြင်း၊ အိမ်တိုင်း ဆိုလာမီးများတပ်ဆင်ခြင်း၊ ယင်းမှတဆင့် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းခြင်းများ ပြုလုပ်သွားခြင်းဖြင့် ကျေးရွာ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာစေရမည်။

(၇)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ်အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်း

တစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထား ချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်း များကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်း ပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာ အခြေပြု အသေးစား စီးပွားရေးလုပ်ငန်း များ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင် တစ်ပိုင် စီးပွားရေးလုပ်ငန်း များ တိုးမြှင့် လုပ်ဆောင် နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန်လိုပါမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေး ချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊

အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ၄ားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ-ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(၈) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား

